# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 19, 2019 Volume 20, Number 13


## တရုတ်နယ်စပ် မူဆယ်ဈေးကွက်၌ နာနတ်သီးဝယ်ယူမှုရပ်ဆိုင်း

နှစ်နိုင်ငံသစ်သီးကုန်သွယ်ရေး သဘောတူစာချုပ်တွင် နာနတ်သီးမပါဝင်ဟုဆိုကာ တရုတ်နယ်စပ်ဈေးကွက်၌ ဝယ်ယူမှုရပ်ဆိုင်းခံရကြောင်း မူဆယ်မြို့ရှိ သစ်သီးပွဲရုံပိုင်ရှင်များကပြောသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲ၊ သီပေါနှင့် လားရှိုးဒေသထွက် နာနတ်သီးများကို တရုတ်နယ်စပ် မူဆယ် ဈေးကွက်သို့ ဇွန်လ ၁၇ ရက်က တင်ပို့ရောင်းချသော်လည်း တရုတ်နိုင်ငံဘက်က တင်သွင်းခွင့်မပြု၍ အရောင်းအဝယ်ရပ်ဆိုင်းထားသည်။ မူဆယ်မြို့ ခွာညို သစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်က နာနတ်တွေ တရုတ်ဘက်တင်ပို့တဲ့ဟာ လောလောဆယ် ပိတ်ထားတယ်။ ကျွန်တော်တို့အစိုးရနဲ့ တရုတ်အစိုးရ MoU ထိုးထားတဲ့အထဲမှာ နာနတ်သီးမပါဘူး။ သူတို့ဘက်က စည်းကမ်းတွေ တင်းတင်း ကျပ်ကျပ် လုပ်လာတဲ့အခါကျတော့ နာနတ်သီးကို ပိတ်ချလိုက်တာ။ ကန်တာ ကားလေးတွေနဲ့ မူဆယ်ကိုပို့ကြတာ။ ဟိုဘက်ကမသုံးတော့ မူဆယ်မှာပုံကျပြီး ဈေးမရတော့ဘူး ဟုပြောသည်။

သို့ဖြစ်၍ အဆိုပါနာနတ်သီးများကို ပြည်တွင်းဈေးကွက်သို့ အဓိကရောင်းချနေရသဖြင့် ဈေးကွက်တည်ငြိမ်မှုမရှိဘဲ အခက်ကြုံတွေ့နေကြောင်း သီပေါမြို့နယ်ရှိ နာနတ်သီးစိုက်ပျိုးသည့် တောင်သူတစ်ဦးကပြောသည်။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းသို့ ဆက်သွယ်မေးမြန်းရာ တရုတ်က တရားဝင်တင်သွင်းခွင့်မရတဲ့ဟာဆိုရင် တာဝန်ရှိတဲ့ဌာနဆိုင်ရာတွေက မလုပ်ရဲတော့ဘူး။ ပြုတ်မှာကြောက်လို့ပေါ့။ ဟိုတုန်းက ခိုးပို့တာကိုပဲ သာယာခဲ့တာကိုး။ အဲဒါတွေက ရေရှည်ဆိုရင် တရားဝင်တင်ပို့ခွင့်နဲ့သွားရမှာပေါ့။ တချို့ကလည်း တရားဝင်မသွားချင်ဘူး။ ခိုးသွားချင်ကြတယ်။ တရားဝင်ဆိုရင် စစ်လား၊ ဆေးလားနဲ့ အခွန်တွေ စည်းကြပ်လာမှာကို ကြောက်တာထင်ပါတယ်ဟု ပြောသည်။

သစ်သီးတင်ပို့လိုသည့် ကုမ္ပဏီများသည် တင်ပို့လိုသည့် သစ်သီးအမျိုးအစား၊ ပမာဏနှင့်အချိန်တို့ကို ထည့်သွင်းရေးသား၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနသို့ ကြိုတင်တင်ပြပါက တရုတ်နိုင်ငံ တာဝန်ရှိသူများနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဦးအောင်မောင်းကဆိုသည်။

**Source:** http://www.7daydaily.com/story/158892

### ၁၉.၆.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၄၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၈၃၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၄/ကျပ် |
| CBM Rate | = ၁၅၂၇.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၁.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၀.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၉.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၉.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၇၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၉၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

## မြန်မာတစ်နိုင်ငံလုံး ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၏ (၆၅)ရာခိုင်နှုန်းရှိသည့် တိုင်းဒေသကြီး (၄)ခုအား ရွေ့ပြေးစီမံကိန်း(Pilot Project) အဖြစ် စိုက်ပျိုးမွေးမြူရေး ရာသီပေါ်ချေးငွေထုတ်ချေးမည်




မြန်မာတစ်နိုင်ငံလုံး ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု၏ (၆၅) ရာခိုင်နှုန်းရှိသည့် တိုင်းဒေသကြီး (၄)ခုအား ရွေ့ပြေး စီမံကိန်း(Pilot Project) အဖြစ် စိုက်ပျိုးမွေးမြူရေး ရာသီပေါ်ချေးငွေထုတ်ချေးမည်ဖြစ်ကြောင်း ရိုးမဘဏ်၏ စိုက်ပျိုးရေးကဏ္ဍ ဘဏ္ဍာရေးတာဝန်ခံ ဦးကျော်နိုင်ဦးကပြောသည်။ ရိုးမဘဏ်မှ Pilot Project အဖြစ် ရာသီပေါ်ချေးငွေ ထုတ်ချေးမည့်အကြောင်းကို ဖွန်လ ၁၅ ရက်မှ ၁၇ ရက်အထိ မန္တလေးမြို့ ကွန်ဗင်းရှင်းစင်တာ၌ပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာပြပွဲကြီး၌ လာရောက်မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးတွင် ဆန်စပါးအများဆုံးထွက်သည့် ဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများအနေဖြင့် အဆိုပါ ရာသီပေါ်ချေးငွေ (SCF) ကို လျှောက်ထားနိုင်ကြောင်းသိရသည်။ စိုက်ပျိုးမွေးမြူရေး ရာသီပေါ်ချေးငွေတွင် ဆန်စပါးနှင့် ပြောင်းသီးနှံတို့အတွက် ချေးငွေရယူနိုင်ပြီး ဆန်စပါးချေးငွေရယူရာ၌ ဧက(၂၀၀)နှင့်အထက် ကိုယ်တိုင်စိုက်တောင်သူများ၊ သွင်းအားစု ထုတ်လုပ်သူများ၊ ပြည်ပမှ တင်သွင်းရောင်းချသူများ၊ ဖြန့်ဖြူးသူများ၊ ကန်ထရိုက်စနစ်ဖြင့် စုပေါင်းလယ်ယာ ဦးဆောင်တာဝန်ယူ စိုက်ပျိုးသည့်ကုမ္ပဏီများ၊ ဆန်စပါးကုန်သည်များ၊ ဆန်စက်ပိုင်များနှင့် ပြောင်းကုန်သည်များ ချေးငွေလျှောက်ထားနိုင်ကြောင်းသိရသည်။

စိုက်ပျိုးရေးမှာ အလုပ်တစ်ကယ်လုပ်တဲ့သူ၊ အကျိုးအမြတ်ရအောင်လုပ်တဲ့သူတွေ အဆင်ပြေ အောင်လို့ ဒီချေးငွေစနစ်ဖော်ဆောင်တာပါ၊ ချေးငွေသက်တမ်းနဲ့ ပြန်ပေးဆပ်ရမဲ့အချိန်တွေကိုလဲ သီးနှံပေါ်တဲ့အချိန်ပေါ် မူတည်ပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်ဟု ဦးကျော်နိုင်ဦးကဆိုသည်။ ချေးငွေ လျှောက်ထားရာ၌ အပေါင်ပစ္စည်းအဖြစ် မြေနှင့်အဆောက်အဦး (သို့မဟုတ်) သတ်မှတ်ထားသည့် ငွေသားပမာဏကို အပ်နှံထားရန် လိုအပ်မည်ဖြစ်ပြီး ချေးငွေလျှောက်ထားသူသည် တောင်သူဖြစ်ပါက တစ်နှစ်စာဘဏ်စာရင်း (သို့မဟုတ်) တစ်နှစ်စာငွေလွှဲပြေစာ (သို့မဟုတ်) တစ်နှစ်စာအရောင်းအဝယ် လယ်ဂျာစာရင်းနှင့် ပိုင်ဆိုင်သော လယ်ယာမြေပုံစံမိတ္တူပါရှိရမည်ဖြစ်သည်။

ချေးငွေလျှောက်ထားသူသည် သွင်းအားစုပံ့ပိုးသူဖြစ်ပါက တစ်နှစ်စာဘဏ်စာရင်း (သို့မဟုတ်) တစ်နှစ်စာ ငွေလွှဲပြေစာ (သို့မဟုတ်) တစ်နှစ်စာကုမ္ပဏီ အဝယ်လယ်ဂျာစာရင်း၊ သက်တမ်းရှိ လုပ်ငန်းလိုင်စင်နှင့် လုပ်ငန်းဝင်ငွေခွန်ပြေစာပါရှိရမည်ဖြစ်သည်။ ကန်ထရိုက်လယ်ယာဆိုပါက ကုမ္ပဏီနှင့်သက်ဆိုင်သည့် စာရွက်

စာတမ်းများ၊ တစ်နှစ်စာဘဏ်စာရင်း (သို့မဟုတ်) တစ်နှစ်စာငွေလွှဲပြေစာ၊ ကန်ထရိုက် လယ်ယာစာချုပ်မိတ္တူများ၊ သက်တမ်းရှိ လုပ်ငန်းလိုင်စင်၊ လုပ်ငန်းဝင်ငွေခွန်ပြေစာ ပါရှိရမည်ဖြစ်ကာ ဆန်စပါးကုန်သည်နှင့် ဆန်စက်ပိုင်ဖြစ်ပါက တစ်နှစ်စာဘဏ်စာရင်း (သို့မဟုတ်) ငွေလွှဲပြေစာ၊ သက်တမ်းရှိ လုပ်ငန်းလိုင်စင်၊ လုပ်ငန်းဝင်ငွေခွန်ပြေစာပါရှိရမည်ဖြစ်သည်။

ဆန်စပါးအတွက် အာမခံမဲ့ ချေးငွေရယူရာတွင် အနည်းဆုံး ကျပ်သိန်း(၅၀၀)မှ အများဆုံး ကျပ်သိန်း(၅,၀၀၀)အထိ ချေးယူနိုင်ပြီး အာမခံဖြင့်ချေးငွေမှာ အာမခံရာဖြတ်တန်ဖိုး၏ အများဆုံး (၆၀) ရာခိုင်နှုန်းအထိ ချေးယူနိုင်ကြောင်း သိရသည်။ ပြောင်းအတွက် အာမခံမဲ့ချေးငွေအဖြစ် အနည်းဆုံး ကျပ်သိန်း(၃၀၀)မှ အများဆုံး ကျပ်သိန်း (၃,၀၀၀)အထိ ချေးယူနိုင်ပြီး အာမခံဖြင့်ချေးငွေအဖြစ် အနည်းဆုံး ကျပ်သိန်း (၅၀၀)မှ အများဆုံး ကျပ်သိန်း(၅,၀၀၀)အထိ ချေးယူနိုင်ကြောင်းသိရသည်။ ရိုးမဘဏ်မှ ရာသီပေါ်ချေးငွေ(SCF)၊ စိုက်ပျိုးရေးသွင်းအားစုနှင့် ထွက်ကုန်အာမခံချေးငွေ(Pledge Loan)၊ ရရန်ရှိ ကြိုတင်ထုတ်ချေးငွေ(Receivable Financing)၊ ပေးရန်ရှိ ကြိုထုတ်ချေးငွေ(Payable Financing) ဆိုပြီး စိုက်ပျိုးပွေးမြူရေးချေးငွေအမျိုးအစား (၄)မျိုး သတ်မှတ်ထားကာ ရာသီပေါ် ချေးငွေအား ဆန်စပါးအများဆုံး ထွက်သည့် တိုင်းဒေသကြီး (၄)ခုအား ရှေ့ပြေးစီမံကိန်း(Pilot Project) အဖြစ် ထုတ်ချေးသွားမည်ဖြစ်သည်။

**Source:** http://www.betvmyanmar.com/my/news/

## မြန်မာ့စီးပွားရေးတိုးတက်မှုအပေါ် ကမ္ဘာ့ဘဏ်က ဆက်လက်အကောင်းမြင်




ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေး စောင့်ကြည့်အစီရင်ခံစာ၌ မြန်မာ့စီးပွားရေးကို ယခုဘဏ္ဍာနှစ်နှင့် ကာလလတ်ကာလများတွင် တိုးတက်မည်ဟု အကောင်းမြင်ထားသည်။ ၂၀၁၈ ခုနှစ်အတွင်း လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့တဲ့ မြန်မာ့စီးပွားရေးဟာ တစ်ဖြည်းဖြည်း တည်ငြိမ်လာပြီး ပြန်လည်အရှိန်ရလာပါတယ်ဟု ကမ္ဘာ့ဘဏ် မြန်မာရုံး၏ ခေါင်းဆောင်ဖြစ်သူ ဂယ်ဗော့ဆာဇယ်ရမ်က အဆိုပါအစီရင်ခံစာအပေါ် ပြောဆိုသည်။မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုအပိုင်းနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် အားကောင်းသောရွက်ဆောင်မှုများက ယခုဘဏ္ဍာနှစ် (၂၀၁၈-၁၉) ၌ စီးပွားရေးတိုးတက်မှုနှုန်း (၆.၅) ရာခိုင်နှုန်းအထိ မြင့်တက်မည်ဟု ကမ္ဘာ့ဘဏ်က မျှော်မှန်းထားကြောင်း ၎င်းကဆိုသည်။ အပြုသဘောဆောင်သည့် စီးပွားရေးအလားအလာနှင့်အတူ ကာလလတ်သက်တမ်းအတွက် မြန်မာ့စီးပွားရေးတိုးတက်မှုသည် (၆.၇) ရာခိုင်နှုန်းအထိ ရောက်ရှိမည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်းထားသည်။သို့ရာတွင် ရေရှည်တည်တံ့သော စီးပွားရေးရလာဒ်များဖြစ်ထွန်းစေရန် ကျယ်ပြန့်ပြီး အားလုံးပါဝင်သော အခြေခံအဆောက်အအုံကဏ္ဍရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိက

ကဏ္ဍရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံအနေဖြင့် ဆက်လက်လုပ်ကိုင်ဖို့လိုအပ်သည်ဟု ကမ္ဘာ့ဘဏ်က ထောက်ပြထားသည်။ ပြည်တွင်း၌ အိမ်ခြံမြေကဏ္ဍ၊ ဘဏ်လုပ်ငန်းနှင့်အစားအသောက် ကဏ္ဍများတွင် ဒေါ်လာ ဘီလီယံနှင့် ချီကာရင်းနှီးမြှုပ်နှံမှုပြုလုပ်လျက်ရှိသော စင်ကာပူစတော့အိတ်ချိန်းစာရင်းတင် ကုမ္ပဏီ ဖြစ်သည့် ရိုးမမဟာဗျူဟာဦးပိုင်လီမိတက် (YSH) ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Melvyn Pun က ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုများကို ယခုထက်ပိုမို၍ လုပ်ဆောင်ရန်လိုအပ်ကြောင်းထောက်ပြထားသည်။ ၎င်းက ဘဏ္ဍာရေး ပြုပြင်ပြောင်းလဲမှုအနေနဲ့ ဘဏ္ဍာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီးဝင်ရောက်အောင် အတိုးနှုန်းတွေအပေါ်မှာ ကန့်သတ်ချက်တွေကို ဖယ်ရှားပေးဖို့၊ ဘဏ္ဍာရေးကဏ္ဍလို့ ပြောတဲ့နေရာမှာ ဘဏ်လုပ်ငန်းတင် မဟုတ်ဘဲ ဘဏ်လုပ်ငန်းမဟုတ်တဲ့ အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းတွေလည်း ပါဝင်ရမှာဖြစ်ပါတယ်။ တိုင်းပြည် စီးပွားရေးတစ်ခုလုံးအတွက် ငွေကြေးအမြောက်အများ လိုအပ်ပါတယ်။ ကုမ္ပဏီကြီးတွေမှ မဟုတ်ပါဘူး။ ကျေးလက်ဒေသ၊ ဆင်းရဲတဲ့ဒေသတွေမှာဆိုရင် ပြည်သူတွေကငွေလိုလို့ ဈေးကြီးတဲ့အတိုးနှုန်းတွေနဲ့ ပိုက်ဆံတွေချေးနေရတာကို ကျွန်တော်တို့တွေ့မြင်ပါတယ်ဟု BETV ကို ပြောသည်။

ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးအစီရင်ခံစာနှင့်ပတ်သတ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီဝင် ဒေါက်တာသက်သက်ခိုင်က ကျွန်မတို့ တိုင်းပြည် စီးပွားရေးတိုးတက်ဖို့အတွက် အခြေခံအဆောက်အအုံတွေအများကြီးလိုတယ်၊ အဲဒီ အခြေခံအဆောက်အအုံကို ရင်းနှီးမြှုပ်နှံမယ့်လူတွေ အများကြီးလိုတယ်၊ ပြည်တွင်းက လူတွေချည်းပဲ အကုန်မရဘူး၊ သူက ဒေါ်လာ ဘီလီယံနဲ့ ချီပြီးတော့မှ ကျွန်မတို့က ရင်းနှီးမြှုပ်နှံရတာ၊ အဲဒါကြောင့်မို့လို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလာဖို့ အရေးကြီးတယ်။ လာနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို ကျွန်မတို့ ဖန်တီးပေးရမယ်လေ” ဟု BETV ကို ပြောသည်။

ထို့အပြင် ဒေါက်တာသက်သက်ခိုင်က စီးပွားရေးလုပ်ငန်းရှင်များအား လုပ်သာကိုင်သာရှိသော စီးပွားရေး ဝန်းကျင်ကိုဖန်တီးပေးရန်လိုအပ်သည်ဟုထောက်ပြသည်။ အဲဒီလို ဖန်တီးပေးတဲ့အချိန်မှာ ဘာနဲ့စမလဲဆိုရင် Policy (မူဝါဒ) နဲ့ စတာဘယ်ကဏ္ဍကို ဖြေလျှော့ပေးမလဲ၊ ဘယ်ကဏ္ဍကိုဖွင့်မလဲပေါ့၊ အရင်အစိုးရတုန်းက Telecommunication Sector (ဆက်သွယ်ရေးကဏ္ဍ) ကို ဖွင့်မယ်ဆိုတဲ့ မူဝါဒတစ်ခုကို ချလိုက်တာနဲ့တင် ပြည်ပရင်းနှီးမြှုပ်နှံမှု လာပြီးတော့ လူတိုင်းလက်ကိုင်ဖုန်းတွေသုံးရတယ်။ အင်တာနက်သုံးရတယ်ဆိုပြီးတော့ ဖြစ်သွားတယ်ဟု သူမကဖြည့်စွက်ပြောဆိုသည်။ ကမ္ဘာ့ဘဏ်၏ မြန်မာ့စီးပွားရေးတိုးတက်မှု မျှော်မှန်းချက် အပေါ် ရှုမြင်မှုတွင် နိုင်ငံခြားဘဏ်များကို ပြည်တွင်း၌ လုပ်ငန်းလည်ပတ်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊ နိုင်ငံခြား အာမခံလုပ်ငန်း (၅) ခုအား အသက်အာမခံလုပ်ငန်းလုပ်ကိုင်ရန် ဖိတ်ခေါ်ခဲ့ခြင်းနှင့် စီးပွားရေးဘဏ်လုပ်ငန်းများ အနေဖြင့် အပေါင်ပစ္စည်းမပါဘဲ အတိုးနှုန်း (၁၆) ရာခိုင်နှုန်းဖြင့် ချေးငွေထုတ်ပေးနိုင်ရန် ခွင့်ပြုခြင်းစသည့် အချက်များ ပါဝင်သည်။ ထို့အပြင် နယ်စပ်ကုန်သွယ်မှုများ၌ တရုတ်ယွမ်ငွေနှင့် ဂျပန်ယန်းငွေတို့အား တရားဝင်

ခွင့်ပြုပေးခဲ့ခြင်းတို့ကိုလည်း မြန်မာ့စီးပွားရေးတိုးတက်စေမည့် အချက်တစ်ခုအဖြစ် ကမ္ဘာ့ဘဏ်ကထည့်သွင်းထားသည်။

**Source:** http://www.betvmyanmar.com/my/news/

## သရက်သီးဈေးကောင်းရနေပြီး နာနတ်သီး တင်ပို့ခွင့်မရတော့သည့် မူဆယ်ဈေးကွက်



ယခုနှစ်သရက်သီးရာသီကုန်ဆုံးခါနီးအချိန်တွင် မူဆယ်နယ်စပ်၌ ဈေးကောင်း ရနေသော်လည်း နာနတ်သီးများမှာ တင်ပို့ခွင့်မရတော့ကြောင်း သစ်သီးကုန်သည်များကဆိုသည်။ သရက်သီးကတော့ ဈေးဆက်တိုက်တက်နေတယ်။ ရွှေဟင်္သာက အမြင့်ဆုံးပေါ့။ နာနတ်က (၁၅)ရက်နေ့လောက်ကစပြီး တရုတ်ကုန်သည်တွေကမဝယ်ကြတော့တာ။ ဟိုဖက်က MOU ထိုးထားတဲ့ သီးနှံတွေထဲပါသွားတယ်ဆိုပြီး နာနတ်သီးကပို့မရတော့ဘူးဟု မူဆယ်နယ်စပ်ရှိ ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကဆိုသည်။

ယခုနှစ်သရက်သီးဈေးကွက်မှာ ယခင်နှစ်ကထက်များစွာသာလွန်ခဲ့ပြီး ရွှေဟင်္သာနှင့်စိန်တစ်လုံး သီးများမှာ မျက်နှာပန်းလှသည့်ရောင်းတန်းဝင်အမျိုးအစားဖြစ်နေသည်ဟုသိရသည်။ မူဆယ်နယ်စပ်မှသစ်သီးများကိုနေ့စဉ်ကားအစီးရေ နှစ်ရာနီးပါးခန့် တရုတ်နိုင်ငံအတွင်းသို့ တင်ပို့နေခြင်းဖြစ်ပြီး သရက်သီးတင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ်ပိုမိုများပြားလာခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရသိရသည်။ သစ်သီးဈေးကွက်က တရုတ်ကအများဆုံးပေါ့။ ဒီထဲမှာဖရဲသခွားနဲ့တစ်ရှူးဌက်ပျောတွေကတော့ တကယ့် ပို့ကုန်အပိုင်းမှာ အမြင့်ဆုံးဖြစ်နေတဲ့ဟာတွေပါ။ ကာလတူထက်လည် အခုနှစ်သစ်သီးဈေးကွက်က ပိုကောင်းခဲ့ပါတယ်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကဆိုသည်။ သရက်သီးဈေးကွက်အတွင်း ဈေးအမြင့်ဆုံးဖြစ်သည့် ရွှေဟင်္သာမျိုးမှာ (၁၆)ကီလိုတစ်ခြင်းလျှင် (၁၇၅)ယွမ် မြန်မာငွေ (၃၈၀၀၀)ခန့်အထိရှိနေသည်။ စိန်တစ်လုံးတစ်ခြင်းလျှင် ကျပ်ငွေ (၃၃၀၀၀)ခန့် ပေါက်ဈေးရှိသည်ဟု ယနေ့မူဆယ်သစ်သီးဈေးကွက်မှသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## MIC က အလုပ်အကိုင် ၆ ထောင်နီးပါး ဖန်တီးပေးနိုင်မည့် စက်မှုကဏ္ဍမှ လုပ်ငန်း (၁၂)ခုအား ထပ်မံအတည်ပြု/ခွင့်ပြု




မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က အလုပ်အကိုင်အခွင့်အလမ်း (၆၀၀၀)နီးပါး ဖန်တီးပေးနိုင်မည့် စက်မှုကဏ္ဍမှလုပ်ငန်း (၁၂)ခုအား အတည်ပြုခွင့်ပြုပေးခဲ့ကြောင်းသိရသည်။ ဇွန်လ ၁၄ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်(၉/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၁၀)ခု စုစုပေါင်း (၁၂)ခုကို ခွင့်ပြုပေးခဲ့ ခြင်းဖြစ်ပြီး ယင်းလုပ်ငန်း (၁၂)ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၄၆ ဒသမ ၇၈၃)သန်းဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပြုလုပ်ငန်း (၂)ခုနှင့် ရန်ကုန်တိုင်း

ဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မရှင်က အတည်ပြုလုပ်ငန်း (၁၀)ခုတို့အား ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး အလုပ်အကိုင် စုစုပေါင်း (၅၉၄၆)ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်အနေဖြင့် လက်ရှိဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လား (၂ ဒသမ ၇ ) ဘီလီယံကျော် ဝင်ခွင့်ပြုထားပြီးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြား ရေးမှူးချုပ် ဦးသန့်စင်လွင်၏ ပြောကြားချက်အရ သိရသည်။ ဇွန်လ ၁၈ ရက်က ရန်ကုန်မြို့ရှိ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ လက်ရှိဘဏ္ဍာနှစ် ဇွန်လ ၁၄ ရက်အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၇၆၄ ဒသမ ၀၈၅ သန်းဖြစ်ပါတယ်ဟု ဦးသန့်စင်လွင်ဆိုသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇွန်လ ၁၄ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၈၁)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၇၉၃ ဒသမ ၉၄၁)သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ (၂၅၆၂ ဒသမ ၁၅၈) သန်းဖြစ်သည်။ အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇွန်လ ၁၄ ရက်အထိ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၀၁ ဒသမ ၉၂၇)သန်း ဖြစ်ကြောင်းသိရသည်။ ယင်းကြောင့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇွန်လ ၁၄ ရက်နေ့အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၇၆၄ ဒသမ ၀၈၅)သန်း ဝင်ရောက်ထားခြင်းဖြစ်သည်။

**Source:** http://www.betvmyanmar.com/my/news/mic

## အိန္ဒိယက ပဲတင်ပို့ခွင့်ပြုလိုက်သဖြင့် ပြည်တွင်းပဲဈေးတက်လာနိုင်ဟုဆို




အိန္ဒိယနိုင်ငံသို့ တရားဝင်ပဲတင်ပို့ခွင့်ရသဖြင့် ပြည်တွင်း ဈေးကွက်အတွင်း ပဲဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်း ကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရသို့ ပဲတင်သွင်း ခွင့်လျှောက်ထားသည့် အိန္ဒိယ ကုမ္ပဏီပေါင်း (၆၀၀၀) နီးပါးထဲမှ ကုမ္ပဏီ (၁၂၀၀)ခန့်ကို လိုင်စင် ချပေးလိုက်ကြောင်း ဦးမင်းကိုဦးက ဇွန်လ (၁၈)ရက်နေ့က BETV သို့ ပြောသည်။

ဈေးနှုန်းအပြောင်းအလဲက ဖြစ်လာနိုင်တယ်။ Supply နဲ့ Demand ဆိုတာကတော့ ဝယ်တဲ့အား များရင်တော့လည်း ဈေးနှုန်းအပြောင်းအလဲတွေ ဖြစ်လာမှာဟု ဦးမင်းကိုဦးက ပြောသည်။ အိန္ဒိယအစိုးရ၏ ထုတ်ပြန်ချက်အရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံ၊ ပဲတီးစိမ်းနှင့် မတ်ပဲတို့ပါဝင်သည့် ပဲမျိုးစုံတန်ချိန် (၅)သိန်း တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး ယင်းအထဲမှ မြန်မာနိုင်ငံက မတ်ပဲတန်ချိန် (၁)သိန်းခွဲ တင်သွင်းခွင့် ရမည်ဖြစ်ကြောင်း သိရသည်။ ယင်း သတ်မှတ်ထားသည့် တန်ချိန်ပမာဏကို အောက်တိုဘာလ (၃၁) ရက်နေ့ နောက်ဆုံးထားကာ တင်ပို့ရောင်းချရမည့် စည်းကမ်းချက်ပါ ထုတ်ပြန်လိုက်သဖြင့် (၄)လတာကာအတွင်း အပြီးသတ် တင်ပို့ရောင်းချရမည်ဖြစ်ကြောင်း ဦးမင်းကိုဦးက ဆိုသည်။ အခုရက်တွေမှာ နည်းနည်းပါးပါး

ဂယ်တာမျိုးတော့ ရှိတယ်။ အင်နဲ့အားနဲ့ ဂယ်တာမျိုးတော့ မရှိသေးပါဘူး။ အချိန်ကာလ အားဖြင့် တင်ပို့ဖို့ (၄)လပဲအချိန် ရတော့တယ်ဆိုတော့ အမြန်ဆုံးတော့ သူတို့ ဂယ်လာမှာပါဟုပြောသည်။

ထို့အပြင် ပဲစင်းငုံတန်ချိန် (၂)သိန်းတင်သွင်းခွင့်ပြုမည့်အပြင် ထပ်မံပြီး တန်ချိန် (၂) သိန်းတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း ဦးမင်းကိုဦးက ပြောသည်။ ပဲစင်းငုံက ပြည်တွင်းမှာ လက်ကျန်တော်တော်နည်းတယ်ဗျ။ တန်ချိန် (၅)သောင်းကျော်လောက်ပဲ တင်ပို့နိုင်မယ်လို့မှန်းတယ်ဟု ဦးမင်းကိုဦးကပြောသည်။ လက်ရှိ မတ်ပဲ (2019 Crop) FAQ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ( ၅၆၀ မှ ၅၈၀)၊ ပဲတီစိမ်း FAQ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၆၅၀ မှ ၇၄၀)၊ ပဲစဉ်းငုံ (2019 Crop) FAQ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ( ၇၁၀ မှ ၇၄၀) နှုန်းထားများဖြင့် ဇွန်လ (၁၈) ရက်နေ့က ထုတ်ပြန်ထားသည့် ဘုရင့်နောင်ကုန်စည်ဒိုင်၏ FOB ဈေးနှုန်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ အများဆုံးတင်ပို့ရောင်းချနေသည့် ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယနိုင်ငံက အဓိကဝယ်ယူနေပြီး ပဲတီစိမ်းကို တရုတ်နှင့် ဥရောပနိုင်ငံအချို့ ဝယ်ယူလျက်ရှိကြောင်း သိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာ ၁ ရက်မှ မေလ ၃ ရက်နေ့ အထိ ခုနစ်လကျော်အတွင်း ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၆၀၉ ဒသမ ၀၅၅) သန်းရရှိထားကြောင်း သိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## STOCK EXCHANGE (19.6.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 3,548 | 42,547,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 1,932 | 6,375,600 | 38,929,150 | 128,466 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 700 | 5,530,000 | 10,400,986 | 82,168 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 160 | 3,840,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,000 | +100 | +3.45% | 3,000 | 3,000 | 3,000 | 109 | 327,000 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 452.96 | -8.27 | -1.79% | 462.13 | 462.89 | 452.20 | 6,449 | 58,619,600 | 5 | 618,399 |

**Index chart**




# Market Overview

As of 1:00 pm, 19th Jun. 2019

| MYANPIX | 452.96 ▼ 8.27 |
|---|---|
| Total Volume (shares) | 6,449 |
| Total Value (MMK) | 59 mil |
| Listed Company | 5 |
| Market Cap. (MMK) | 618,399 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 100 |